Apple Health Expansion

ဝါရှင်တန်ရှိ ရွှေ့ပြောင်းနေထိုင်သူများ၏ ကျန်းမာရေး အာမခံအကျုံးဝင်လွှမ်းခြုံမှုအား တိုးချဲ့ပေးခြင်း၊ အကြောင်းမှာ သင်၏ ကျန်းမာရေးသည် အရေးကြီးပေသည်

Washington Apple Health အာမခံအကျုံးဝင်လွှမ်းခြုံမှုသည် အချို့သော ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ အခြေအနေများ ရှိသည့် အသက် 19 နှစ် နှင့် အထက် အရွယ်ရောက်လူကြီးများအတွက် အကျုံးဝင်မှုပမာဏအား တိုးချဲ့ပေးသွားမည် ဖြစ်သည်။ ဤအစီအစဉ်အသစ်အား Apple Health Expansion ဟု ခေါ်ဆိုပေသည်။

အကျုံးဝင်လွှမ်းခြုံပေးသော ဝန်ဆောင်မှုများ

ဆေးဘက်ဆိုင်ရာ

- ထောက်ပံ့သူထံ တွေ့ဆုံပြသမှုများ
- ဆေးရုံ ဝန်ဆောင်မှုများ
- ပြန်လည်ထူထောင်ရေး နှင့် ကျွမ်းကျင် စောင့်ရှောက်မှုများတို့အတွက် သူနာပြု ဂေဟာဝန်ဆောင်ထောက်ပံ့မှုများ

သွားဘက်ဆိုင်ရာ

- ကြိုတင်ကာကွယ်မှု ဝန်ဆောင်မှုများ၊ စစ်ဆေးမှုများ နှင့် ရောဂါရှာဖွေဖော်ထုတ်မှု လုပ်ငန်းစဥ်များ
- ပြန်လည်ပြုပြင်ရေး (သွားဖာခြင်းများ)၊ သွားဖုံးဆိုင်ရာ (သွားဖုံးရောဂါ)၊ သွားအမြစ်ဆိုင်ရာ (အမြစ်လမ်းကြောင်း)၊ နှင့် သွားတုများ
- ခံတွင်း ခွဲစိတ်ကုသမှု

အမူအကျင့်ပိုင်းဆိုင်ရာ ကျန်းမာရေး

- မူးယစ်ဆေး၊အရက်သေစာ စွဲလန်းအသုံးပြုမှု ကုသရေး ဝန်ဆောင်မှုများ
- စိတ်ကျန်းမာရေး ကုသမှု

ဆေးဆိုင်

- ကောင်တာတွင် အလွယ်တကူ ဝယ်ယူနိုင်သော နှင့် ဆေးစာလိုအပ်သော Apple Health နှစ်သက်ရာ ဆေးဝါး စာရင်းပေါ်မှ ဆေးဝါးများ

အသက် 19 မှ 20 အထိသော လူငယ်များအတွက် အထူး ဝန်ဆောင်မှုများ

- ကျန်းမာကြံ့ခိုင်ရေး စစ်ဆေးမှုများ
- ကျောရိုးနှင့် အဆစ်အမြစ်ဆိုင်ရာ စောင့်ရှောက်မှု
- အမြင်အာရုံပိုင်းဆိုင်ရာ ထောက်ကူပစ္စည်း
- သွားနှင့် မေးရိုးဆိုင်ရာ ကုသမှု

မရရှိနိုင်သော ဝန်ဆောင်မှုများ

အကျုံးဝင်လွှမ်းခြုံပေးခြင်းမရှိသော ဝန်ဆောင်မှုများတွင် အောက်ပါတို့ အကန့်အသတ်မရှိ ပါဝင်ပါသည် (-)

- အစောပိုင်း ကာလအပိုင်းအခြား စစ်ဆေးမှု၊ ရောဂါရှာဖွေဖော်ထုတ်မှု နှင့် ကုသမှု (EPSDT)
- ပံ့ပိုးကူညီပေးသည် အထူးစီမံကွပ်ကဲမှု
- ပုဂ္ဂလိက တာဝန် သူနာပြုစောင့်ရှောက်ပေးခြင်း
- ရေရှည် သူနာပြု ဝန်ဆောင်မှုဂေဟာဆိုင်ရာ စောင့်ရှောက်မှု
- Health Home (ကျန်းမာသော နေအိမ်) အစီအစဉ်
- ချက်ချင်း ကုသစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်ထောက်ပံ့မှု

Washington Apple Health

Washington State Health Care Authority

HCA 19-0110 BS (3/25) Burmese

မည်သူများ အရည်အချင်းပြည့်မီသနည်း။

Apple Health Expansion တွင် စာရင်းသွင်းမှုသည် အစီအစဉ်နေရာလွတ် ရရှိနိုင်မှုအပေါ်တွင် မူတည်ပေသည်။ နောက်ထပ်ပိုမို လေ့လာရန် hca.wa.gov/ahe-enrollment သို့ သွားရောက်ပါ။

အကယ်၍ သင့်တွင် အောက်ဖော်ပြပါ အခြေအနေများ ရှိလျှင် သင်သည် Apple Health Expansion အတွက် အရည်အချင်းပြည့်မီကောင်း ပြည့်မီနိုင်ပါသည် –

- ဝါရှင်တန်တွင် အခြေချနေထိုင်သူတစ်ဦး ဖြစ်ပြီး၊ အသက် 19 နှစ် သို့မဟုတ် အထက် ဖြစ်လျှင်
- ပြသထားသော ကန့်သတ်ချက်များတွင် သို့မဟုတ် ၎င်းအောက်တွင် ရှိသော ဝင်ငွေများ ရှိနေလျှင်
- လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အခြေအနေများအပေါ် အခြေခံချက်အရ အခြားသော Apple Health (Medicaid) အစီအစဉ်များအတွက် အရည်အချင်းပြည့်မီခြင်း မရှိလျှင်
    - o Apple Health အတွက် အရည်အချင်းပြည့်မီရန် ငါးနှစ်တာ စောင့်ဆိုင်းကာလဖြင့် ပြည့်မီခြင်း မရှိသော ရွှေ့ပြောင်းနေထိုင်သူများသည် Apple Health Expansion အတွက် အရည်အချင်းပြည့်မီမည် မဟုတ်ပေ။
- ကိုယ်ဝန်ဆောင်ထားရခြင်း မရှိလျှင် သို့မဟုတ် လွန်ခဲ့သော 12 လအတွင်း ကိုယ်ဝန်ဆောင်ကာလ ပြီးဆုံးသွားခဲ့ခြင်း မရှိလျှင်၊ ထို့ပြင်
- အဆင့်မြင့် ပရီမီယံကြေး အခွန်ခရစ်ဒစ်များ ပါရှိသော အရည်အချင်းပြည့်မီသည့် ကျန်းမာရေး အစီအစဉ်များ သို့မဟုတ် ဖယ်ဒရယ် ရန်ပုံငွေထောက်ပံ့ထားသော ဆေးဘက်ဆိုင်ရာ ပံ့ပိုးထောက်ပံ့မှု အစီအစဉ်များ အစရှိသည်တို့အတွက် အရည်အချင်းပြည့်မီခြင်း မရှိလျှင်။

ဝင်ငွေ စံချိန်စံညွှန်း သတ်မှတ်ချက်များ

အိမ်ထောင်စု အရွယ်အစား	1	2	3	4	5
လစဉ် ဝင်ငွေ	$1,800	$2,433	$3,065	$3,697	$4,330
အိမ်ထောင်စု အရွယ်အစား	**6**	**7**	**8**	**9**	**10**
လစဉ် ဝင်ငွေ	$4,962	$5,595	$6,228	$6,860	$7,492

*ဧပြီလ 2025 စံချိန်စံညွှန်း သတ်မှတ်ချက်များအပေါ် အခြေခံထားသည်။ စံညွှန်း သတ်မှတ်ချက်များသည် နှစ်စဉ် အပြောင်းအလဲ ရှိနိုင်ပါသည်။

မည်သို့ လျှောက်ထားရမည်နည်း။

အကယ်၍ သင်သည် အသက် 19 နှစ်မှ 64 နှစ်အတွင်း ဖြစ်လျှင် –

- **အွန်လိုင်း** wahealthplanfinder.org သို့ သွားရောက်ပါ။
- **ဖုန်း -** Washington Healthplanfinder သုံးစွဲသူ ပံ့ပိုးထောက်ပံ့မှု စင်တာထံ 1-855-923-4633 သို့ ခေါ်ဆိုပါ။

အကယ်၍ သင်သည် အသက် 65 နှစ် သို့မဟုတ် ၎င်းအထက် ဖြစ်လျှင် –

- **အွန်လိုင်း -** washingtonconnection.org သို့ သွားရောက်ပါ။
- **ဖုန်း -** 1-877-501-2233 သို့ ခေါ်ဆို၍ လျှောက်လွှာတစ်စောင်အား တောင်းဆိုပါ။

နောက်ထပ် လေ့လာရန်

Apple Health Expansion နှင့် လျှောက်ထားရန် အခြားနည်းလမ်းများတို့နှင့်ပတ်သက်ပြီး နောက်ထပ်သော အချက်အလက်များအတွက် hca.wa.gov/apple-health-expansion သို့ ဝင်ရောက်ကြည့်ရှုပါ။

အခြားသော Apple Health အာမခံအကျုံးဝင်လွှမ်းခြုံမှု

အမှုသည်များအနေနှင့် အခြားအမျိုးအစားသော Apple Health အာမခံအကျုံးဝင်လွှမ်းခြုံမှုများအား လက်ခံရရှိကောင်း ရရှိနိုင်ပါသည်။

ဖော်ပြပါတို့အတွက် အရည်အချင်းပြည့်မီမှုဆိုင်ရာ သတ်မှတ်ချက်များအား ကြည့်ရှုရန်

- ကလေးများ **hca.wa.gov/apple-health-children**
- ကိုယ်ဝန်ဆောင်များ **hca.wa.gov/apple-health-pregnant individuals**
- ကိုယ်ဝန်ဆောင်ပြီးနောက်ပိုင်း အာမခံအကျုံးဝင်လွှမ်းခြုံမှုများ – **hca.wa.gov/apc**
- နိုင်ငံသား မဟုတ်သူများအတွက် Apple Health – **hca.wa.gov/apple-health-non-citizens**